# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက် ရက်စွဲပါကြေညာချက်အမှတ်(၁၁/၂၀၁၆)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကို ယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် နှစ်ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ်နှစ်ဦးဟာ မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြည်လည်နေရာယူကြပါရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် တပ်မတော်သား ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးကြပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၆ ရက်၊

(၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၅ ရက်၊

(၃) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၅ ရက်၊

(၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် ခွင့် ၅ ရက်၊

(၆) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၉) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၁ ရက်၊

(၁၀) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁၃ ရက်၊

(၁၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၁၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၇ ရက်၊

(၁၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၁၄) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်နှင့်

(၁၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အခုလို ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်လာကြတာ တွေ့ရတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ရပ်နားထားစဉ်ကာလမှာ ကိုယ်စားလှယ်များဟာ မိမိတို့ရဲ့ပြည်သူတွေထံ အရောက်သွားပြီး အကျိုးပြုလုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြတာ တွေ့ရ၊ မြင်ရ၊ ကြားရတဲ့အတွက်လည်း အထူးဝမ်းသာ ဂုဏ်ယူကြောင်း ပြောကြားပါရစေ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလို ပြည်သူ့ဆန္ဒသဘောထားတွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ကိစ္စဟာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ပြည်သူလူထုခံစားနေရတဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ ပြဿနာတွေကို မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေအဖြစ်ပြောင်းလဲပြီး လွှတ်တော်မှာ တင်သွင်းဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ကြတဲ့နေရာမှာ ကောင်းစေချင်တဲ့ စိတ်ရင်းစေတနာအမှန်နဲ့ ဆောင်ရွက်ကြတယ်ဆိုတာကို နားလည်ပေမယ့် ကိုယ်စားလှယ်များဟာ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်၊ လမ်းမှန်နဲ့ ဆောင်ရွက်သွားကြဖို့ အထူးအရေးကြီးကြောင်း ပြောကြားလိုပါတယ်။ ပြည်သူတွေက အားကိုးယုံကြည်စွာနဲ့ ရွေးချယ်တာဝန်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ အရည်အချင်းပြည့်ဝနေမှသာ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ဂုဏ်သိက္ခာ ဆက်လက်

မြင့်မားနေမှာဖြစ်ပြီး လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေး(Legislation) တာဝန်ကို ပီပြင်စွာထမ်းဆောင်နိုင်ကြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့စတင်ကျင်းပတဲ့ ဒုတိယပုံမှန် အစည်းအဝေးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်)နှင့် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)တို့အား အတည်ပြုနိုင်ရေးကိစ္စအပါအဝင် လွှတ်တော်အသီးသီးရှိ ဆောင်ရွက်ဆဲ ဥပဒေကြမ်းများအနက်မှ မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရမယ့် ဥပဒေကြမ်းများလည်းရှိနေပါတယ်။ အဆိုများအနေနဲ့လည်း ပထမအကြိမ်အစည်းအဝေးမှာတင်သွင်းခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိတဲ့အဆိုများ အပါအဝင် အသင့်ဖြစ်တဲ့အဆို ၁၂ ခု ကျန်ရှိနေပါသေးတယ်။ မေးခွန်းများအနေနဲ့ ပထမအကြိမ် မှဒုတိယအကြိမ်သို့ ပြောင်းရွှေ့မေးမြန်းတဲ့မေးခွန်း ၈၅ ခု ရှိနေပါတယ်။ မေးခွန်းများလည်း ဆက်လက် ရောက်ရှိနေဆဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီ အခြေခံအုတ်မြစ် ခိုင်မာတောင့်တင်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး တို့ကို အုပ်ချုပ်ရေးမဏ္ဍိုင်က ဦးစားပေးတာဝန်အဖြစ် ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ ဥပဒေပြုရေး မဏ္ဍိုင်က လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့ကို ဥပဒေကပေးအပ်ထားတဲ့ အခန်း ကဏ္ဍအလိုက် စေတနာမှန်မှန်၊ သစ္စာရှိရှိ၊ တာဝန်သိသိနဲ့ ကျေပွန်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်စေဘဲ သတိရှိရှိဖြင့် အမြဲနားစွင့်၍ လွှတ်တော်ကချမှတ်ထားတဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့အားလုံး ဆထက်ထမ်းပိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်း ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေဧရိယာအတွင်းရှိ မူလကတ္တရာလမ်းများ ပျက်စီးနေမှုအား ကတ္တရာဖြင့်ပင်ထပ်ပိုး၍ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေဧရိယာအတွင်းရှိ မူလကတ္တရာလမ်းများ ပျက်စီးနေမှုအား ကတ္တရာဖြင့်ပင် ထပ်ပိုး၍ ပြုပြင်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျာ။ ဒါကတော့ မန်းရေနံမြေအတွင်းမှာရှိတဲ့ အဓိကကျတဲ့လမ်းမကြီးပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မန်းရေနံမြေအတွင်းရှိတဲ့ မူလကတ္တရာလမ်းပျက်စီးနေပုံအစိတ်အပိုင်းအချို့ဖြစ်ပါတယ်။ ဒါကတော့ မန်းရေနံမြေဧရိယာအတွင်းမှာရှိတဲ့ မူလကတ္တရာလမ်းအား အများပြည်သူသွားလာတဲ့လမ်း ပျက်စီးနေပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မန်းရေနံမြေအတွင်းရှိ မူလကတ္တရာလမ်းပျက်စီးနေပုံအချို့ပဲဖြစ်ပါတယ်။ ဒါကတော့ ပျက်စီးနေတဲ့ မူလကတ္တရာလမ်းအား ပြုပြင် ဖာထေးရန်မြေနီသဲပုံများဖြစ်ပါတယ်ခင်ဗျာ။ မူလကတ္တရာလမ်းအား မြေနီသဲများဖြင့် ပြုပြင်ထားတဲ့ အတွက် မြေနီလမ်းဖြစ်သွားတဲ့ မူလကတ္တရာလမ်းရဲ့အခြေအနေပဲဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းဘူး၊ မန်းရေနံမြေဧရိယာအတွင်းမှာ ကတ္တရာလမ်းပေါင်း ပေပေါင်း ၃၀၀၀၀ ခန့်ရှိပြီးတော့ အဓိကကျတဲ့လမ်းမကြီးမှာ ပေ ၁၇၀၀၀ ခန့်ရှိကြောင်း သိရှိရပါတယ်။ ဒီလမ်းများရဲ့အစိတ်အပိုင်းတော်တော်များများဟာ ပျက်စီးနေကြောင်း တွေ့ရှိရပြီးတော့ မန်းရေနံမြေဧရိယာအတွင်းမှာရှိတဲ့ ကတ္တရာလမ်းများဟာ အဓိကအားဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မန်းရေနံမြေဧရိယာအတွင်းမှာရှိတဲ့ ဌာနဆိုင်ရာယာဉ်များ

အများဆုံးအသုံးပြုသောလမ်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အချို့အစိတ်အပိုင်းများကိုတော့ ဒေသခံပြည်သူများက သွားလာအသုံးပြုလျက်ရှိပါတယ်။ သို့သော်လည်း အဲဒီလမ်းများဟာ ပျက်စီးပေါက်ပြဲနေပြီးတော့ ပေါက်ပြဲနေတဲ့ကတ္တရာလမ်းများကို သဲမြေနီများဖြင့် ပြုပြင်ဖာထေးနေတဲ့အတွက် မူလကတ္တရာလမ်းမှ သဲမြေနီလမ်းဖြစ်သွားမှာကို ဒေသခံပြည်သူများ များစွာစိုးရိမ်လျက်ရှိပါတယ်။ လမ်းများကို အဆင့်မြင့်ပြုပြင်တဲ့အခါမှာ မြေသားလမ်းမှ မြေနီကျောက်ချောလမ်းအဖြစ်လည်းကောင်း၊ မြေနီကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ကတ္တရာလမ်းမှ ထပ်ပိုးကတ္တရာလမ်း ဒီလိုအဆင့်ဆင့်ပြုပြင်ပြောင်းလဲလာကြောင်း တွေ့ရှိနေရပြီးတော့ အခုဖြစ်နေတာက မန်းရေနံမြေဧရိယာအတွင်းမှာရှိတဲ့ မူလကတ္တရာလမ်းအား မြေနီကျောက်ချောများဖြင့် ပြုပြင်နေတဲ့အတွက် မူလကတ္တရာလမ်းမှ မြေနီကျောက်ချောလမ်း၊ မြေနီလမ်းဖြစ်သွားမှာကို ဒေသခံပြည်သူများ စိုးရိမ်နေရတဲ့အခြေအနေ ရောက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေဧရိယာအတွင်းရှိတဲ့ မူလကတ္တရာလမ်းများအား ကတ္တရာဖြင့်ပင်ထပ်ပိုး၍ ပြုပြင်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ပြုပြင်မပေးနိုင်သေးကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သည့်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဆိုတဲ့အကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းမှ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေဧရိယာအတွင်းရှိ မူလကတ္တရာလမ်းများ ပျက်စီးနေမှုအား ကတ္တရာဖြင့်ပင်ထပ်ပိုး၍ ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိ၊ မရှိသေးပါက မည်သည့်အတွက်ကြောင့် ပြုပြင်မပေးနိုင်သေးကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သည့်ငွေကြေးဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို

သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းနှင့် တွင်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်တဲ့ လုပ်ငန်းသုံးကိုယ်ပိုင်လမ်းများဖောက်လုပ်အသုံးပြုခဲ့ရပါတယ်။ ထုတ်လုပ်မှုတိုးတက်စဉ်ကာလအတွင်းက လုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးတဲ့လမ်းပိုင်းများကို ကတ္တရာခင်းလမ်းအဖြစ် ပြုလုပ်ခဲ့ပါတယ်။

အဆိုရှင်မေးမြန်းထားသော မန်းရေနံမြေအတွင်းမှာရှိတဲ့ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုနေတဲ့ ကတ္တရာလမ်းအရှည်ဟာ ၂၈၈၂၈ ပေ (၅.၄၆) မိုင် ရှိပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ကတ္တရာလမ်းအရှည် ၂၈၈၂၈ ပေအနက်မှ ပေ ၁၀၀၀ ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို မန်းရေနံမြေ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းရေးသာမန်အသုံးစရိတ်မှ အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသောကတ္တရာလမ်းအရှည် ၂၇၈၂၈ ပေအား ကတ္တရာထပ်ပိုးလွှာခင်းမည်ဆိုပါက တစ်စတုရန်းပေလျှင် ၅၅၀ ကျပ်ဖြင့် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်း ၂၁၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မန်းရေနံမြေရဲ့ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် သာမန်အသုံးစရိတ်ခွင့်ပြုငွေမှာ ကျပ် ၁၅.၅ သန်းခန့်သာဖြစ်ပြီးတော့ အဆိုပါအသုံးစရိတ်အား ရေနံထုတ်လုပ်မှုအတွက် အရေးကြီးတဲ့ ရေနံတွင်းများကို အဝင်အထွက်လမ်းများ ပြုပြင်ရာမှာ သုံးစွဲရန်လျာထားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ရေနံတူးဖော်ခြင်း ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ မန်းရေနံမြေအတွင်း၌ ကတ္တရာခင်းလမ်းဟောင်းအရှည် ပေ ၁၀၀၀ အား ကတ္တရာထပ်ပိုးခင်းခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသဖြင့် ဘဏ္ဍာငွေအနေအထားအရ ထပ်မံပြုပြင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ဘဏ္ဍာရေးနှစ်မှာလည်း သာမန်အသုံးစရိတ်ရန်ပုံငွေပေါ်မူတည်ပြီး ပျက်စီးနေသည့် ကတ္တရာလမ်းအား အပိုင်းလိုက် ပြုပြင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းကင်းမြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မည်သည့်အတွက် ကြောင့်ကြန့်ကြာနေရသည်၊ မည်သည့်အချိန်တွင် ဓာတ်အားဖြန့်ဖြူးမှုဆောင်ရွက်နိုင်ပါမည်ကို သိရှိ လိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့မေးခွန်းကတော့ မင်းကင်းမြို့နယ်မှာ မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီးသွယ်တန်းရရှိရေးကိစ္စကို တင်ပြသွားမှာ ဖြစ်ပါတယ်။ မင်းကင်းမြို့နယ်ဟာ ချင်းတွင်းမြစ်အထက်ပိုင်းမှာ တည်ရှိပြီးတော့မှ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ အလားတူပဲ ဖွံ့ဖြိုးမှုလည်း နောက်ကျပါတယ်။ ဒီလိုဒေသအတွက် လျှပ်စစ်မီးရရှိရေးကိစ္စကို ပြီးခဲ့တဲ့ အစိုးရကာလ မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အဲဒီအချိန်တုန်းက ဝန်ကြီး ဦးခင်မောင်စိုးထံသို့ တင်ပြပြီးတော့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အခါမှာ ရေဘုတလင်-ကနီ-မင်းကင်းလမ်းအပိုင်း သွယ်တန်းပြီးတော့မှ မင်းကင်းမှာ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်မယ်။ ပြီးလို့ရှိရင် ဖြန့်ဖြူးရေးလိုင်းတွေ တည်ဆောက်မယ်ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၄-၇-၂၀၁၅ ရက်နေ့အထိဆိုလို့ရှိရင် ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်းရဲ့ ပြီးစီးမှုက ၃၃ ရာခိုင်နှုန်းဖြစ်ပြီးတော့မှ ဓာတ်အားခွဲရုံရဲ့ ပြီးစီးမှုကတော့ ၄၅ ရာခိုင်နှုန်းဖြစ်တယ်ဆိုပြီး သိရှိရပါတယ်။ အခုအချိန်မှာတော့ တစ်နှစ်ပြည့်မြောက်ပြီ ဖြစ်ပါတယ်။ သို့သော်လည်း လျှပ်စစ်မီး ရရှိခြင်းတော့ မရှိသေးပါဘူး။ ဒေသခံများအနေနဲ့ လျှပ်စစ်မီးရရှိရေးကို အင်မတန်မှ လိုလားတောင့်တ လျက်ရှိပါတယ်။ လက်ရှိအနေအထားမှာတော့ ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက်ရုံကနေပြီးတော့ တစ်နေ့ကို နှစ်နာရီ၊ နှစ်နာရီခွဲပဲ ကျွန်တော်တို့ လျှပ်စစ်မီးရရှိနေတဲ့ ဒေသဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတဲ့ မေးခွန်းကတော့ မင်းကင်းမြို့နယ်မှာ မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မည်သည့်အတွက်ကြောင့် ကြန့်ကြာနေပါသနည်း၊ မည်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်၊ မည်သည့်အချိန်တွင် ဓာတ်အားဖြန့်ဖြူးမှု ဆောင်ရွက်နိုင်ပါမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မင်းကင်းမြို့လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၆၆ ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်းဓာတ်အားလိုင်း ၆၆.၇ မိုင်နဲ့ မင်းကင်းဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပစ္စည်းများဝယ်ယူဖို့ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ အဆိုပါစီမံကိန်းမှာ ဝယ်ယူထားတဲ့ပစ္စည်းများရောက်ရှိထားသော်လည်းပဲ ၂၀၁၅ ခုနှစ် မိုးရာသီမှာ မိုးများ၍ လမ်းများပျက်စီးပြီး ကားများသွားလာ၍ မရသဖြင့် ပစ္စည်းများကို လုပ်ငန်းခွင်သို့ ပို့ဆောင်၍မရခြင်း၊ ဓာတ်အားလိုင်းတည်ဆောက်ရန် တောင်ကုန်း၊ တောင်တန်းများကို ဖြတ်သန်းရခြင်းနှင့် တောင်ထိပ်ပေါ်သို့ ကွန်ကရစ်တိုင်များကို ခက်ခဲစွာသယ်ယူရခြင်း၊ စီမံကိန်းအတွက် လျာထားရန်ပုံငွေမှာလည်း လုံလောက်စွာမရရှိခြင်း စသည်တို့ကြောင့် ကြန့်ကြာရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဓာတ်အားလိုင်းတည်ဆောက်မယ့် လမ်းအူကြောင်းဟာ ချင်းတွင်းမြစ်ကို မြစ်ကျော်တာဝါကြီးများသုံးစွဲပြီး ဖြတ်သန်းတည်ဆောက်ရမှာဖြစ်ပြီး မြစ်ကျော်တာဝါတိုင်ကြီးများအား Design ရေးဆွဲပြီး အမြန်ရရှိအောင် စီမံဆောင်ရွက်ခဲ့ရပါတယ်။ ယနေ့အထိ ၆၆ ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်းဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုမှာ ၇၂.၈၃ ရာခိုင်နှုန်းနဲ့ မင်းကင်းဓာတ်အားခွဲရုံမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ယခုနှစ်မိုးရာသီမှာလည်း မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေကို ခက်ခဲစွာဆောင်ရွက်နေရပါသဖြင့် မင်းကင်းမြို့သို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ခန့်မှာ ဓာတ်အားဖြန့်ဖြူးနိုင်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

**ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်ရေအားလျှပ်စစ် ရေကာတာဆောက်လုပ်ရာတွင် ဥယျာဉ်၊ ခြံမြေ လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရသည့် ဒေသခံပြည်သူများ၏ နစ်နာချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောပါ။ ရွှေကျင်ရေအားလျှပ်စစ် ရေကာတာဆောက်လုပ်တဲ့ နေရာမှာ ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရတဲ့ ဒေသခံပြည်သူများရဲ့ နစ်နာ ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းခွင့်ပြုပါ။ ကျွန်တော်ကို PowerPoint အသုံးပြုခွင့်ပေးပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်ချောင်းဟာ ချောင်းဖျားအထိ မိုင် ၂၀ ခန့်ရှည်လျားပြီးတော့မှ ချောင်းကမ်းနဖူး မြေပြန့်လွင်ပြင် များမှာ ဒေသရာသီဥတုနှင့်ကိုက်ညီတဲ့ ရှောက်၊ ကွဲကော၊ သံပုရာ၊ ဒူးရင်း၊ ဒညင်းနှင့် အခြားသီးပင်များ စိုက်ပျိုးတဲ့ ခြံမြေများ၊ လယ်ယာများနှင့် ပြည့်နှက်လျက်ရှိပါတယ်။ ဒါကတော့ ဒီဒေသခံတွေက ရေနစ် မြုပ်ခြင်းမရှိမီအချိန်က စိုက်စားပျိုးစားတဲ့ သူတို့ရဲ့ခြံအနေအထားကို ပြထားခြင်းဖြစ်ပါတယ်။ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့အတွက် အလျား ၃၆၀၀ ပေ၊ အမြင့် ၁၈၅ ပေ ရှိတဲ့ ရေကာတာကို ရွှေကျင်ချောင်းကို တမံအုပ်ပြီးတော့မှ တည်ဆောက်ခဲ့ပါတယ်။ ဒါက တမံဆောက်လက်စ အခြေအနေပေါ့နော်။ တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏက ၁၆၈၅၀၀၀ ဧကပေဖြစ်ပြီး ကန်ရေပြည့်ဧရိယာအကျယ်က ၄၄၄ ဧရိယာစတုရန်းမိုင်ဖြစ်ပါတယ်။ ဒါက တမံ စတင် လုပ်တဲ့အချိန်ပါ။ ယင်းသို့ ရေကာတာကြီးတည်ဆောက်လိုက်တဲ့အတွက် ကန်ရေပြည့်ဧရိယာအတွင်း ကျရောက်တဲ့ တမံအထက်ပိုင်းရှိဒေသခံများရဲ့ ဥယျာဉ်/ခြံစိုက်ခင်း၊ လယ်၊ ကိုင်း၊ တောင်ယာများနှင့် ကျေးရွာများ ပျက်စီးနစ်မြုပ်ခဲ့ရပါတယ်။ ဒါကတော့ ရေနစ်မြုပ်သွားတဲ့ ဧရိယာကို ပြထားတာပါ။ ဒါက ရေနစ်မြုပ်သွားတဲ့အတွက် အခြေခံအဆောက်အအုံတွေ၊ လမ်းတွေ အကုန်လုံးနစ်မြုပ်သွားတဲ့ဟာကို ပြထားတာဖြစ်ပါတယ်။ ဒါကလည်း ရေနစ်မြုပ်တဲ့ Infrastructure တွေပြတာဖြစ်ပါတယ်။ ထို့အပြင် တမံအုကြောင်းနှင့် ယင်း၏အောက်ဘက်ခြမ်းမှာရှိတဲ့ ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းမြေတို့မှာလည်း

စက်ရုံ၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းတန်းလျားဆောက်လုပ်ခြင်းနှင့် လမ်းဖောက်လုပ်ခြင်းများအတွက် သိမ်းဆည်းခြင်းခံခဲ့ရပါတယ်။ သို့ဖြစ်ရာ မိမိတို့ ခြံမြေများ ပျက်စီးနစ်မြုပ်သိမ်းဆည်းခံရတဲ့အတွက် တိုင်းရင်းသားပြည်သူတို့မှာ ကြီးစွာသော လူမှုဒုက္ခများခံစားခဲ့ရကာ အခြေမဲ့၊ အနေမဲ့ဘဝများ ရောက်ရှိခဲ့ရပါတယ်။ ဒါက ကျေးရွာနစ်မြုပ်သွားတဲ့အိမ်တွေကို ပြထားတာပါ။ ဒါက ရေကာတာဧရိယာအတွင်းမှာ ကျရောက်တဲ့ဒေသတွေကို ပြထားတာပါ။ အဲဒီလို နစ်နာဆုံးရှုံးခဲ့တဲ့အတွက် အချို့မှာ သေဆုံးသည်အထိ ခံစားခဲ့ရပြီးတော့မှ တချို့မှာ ရရာအလုပ်ကို လုပ်ကိုင်ရတယ်။ တချို့က မိမိတို့ သားသမီးတွေက နိုင်ငံရပ်ခြားမှာ မျက်နှာငယ်စွာနဲ့ သွားပြီးအလုပ်လုပ်ရတဲ့ အနေအထားမျိုးရှိခဲ့ပါတယ်။ အဆိုပါ နစ်နာမှုများအတွက် သက်ဆိုင်ရာများကို အကြိမ်ကြိမ်တောင်းဆို တင်ပြခဲ့တဲ့အတွက် ၆-၂-၂၀၁၄ ရက်နေ့နဲ့ ၁၄-၈-၂၀၁၅ ရက်နေ့မှာ နစ်နာသူများကနေပြီးတော့မှ ဦးဆောင်ပြီးတော့မှ တိုင်ကြားခဲ့တဲ့အတွက် ပြန်ပြီးတော့ စုံစမ်းစစ်ဆေးမှုတွေလုပ်ခဲ့သော်ငြားလည်းပဲ ယနေ့အချိန်အထိ ကျွန်တော်တို့ ဘာမှစီမံဆောင်ရွက်ပေးခဲ့တာမရှိခဲ့ပါဘူး။ ထို့အတွက်ကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတာကတော့ ရွှေကျင်ရေအားလျှပ်စစ်ရေကာတာဆောက်လုပ်ရာတွင် ဥယျာဉ်/ခြံမြေ/လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရသည့် ဒေသခံပြည်သူများ၏ နစ်နာချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောရဲ့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်ရေအားလျှပ်စစ် ရေကာတာဆောက်လုပ်ရာတွင် ဥယျာဉ်၊ ခြံမြေ လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရသည့် ဒေသခံပြည်သူများရဲ့ နစ်နာချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို လွန်ခဲ့တဲ့ ၁၅ နှစ်က ၂၀၀၀-၂၀၀၁ ခုနှစ်မှာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံကိုတော့ ၂၂-

၁၀-၂၀၁၁ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပြီး ဓာတ်အားကွန်ယက်စနစ်ကို ပို့လွှတ်ပေးလျက်ရှိပါတယ်။ စီမံကိန်းတည်ဆောက်စဉ် ရေဝပ်ဧရိယာအတွင်းမှာ ကျရောက်ခဲ့တဲ့ ခနိဖား၊ အောက်မဲဇောင်း၊ ကျောက်နဂါးရွာ သုံးရွာနဲ့ ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းတွေကို စီမံကိန်းဧရိယာနှင့် မလွတ်ကင်းတဲ့အတွက် ရွှေကျင်စက်ရုံရဲ့အောက်ဘက် ကံဘေးအိုင်ကျေးရွာအုပ်စု တစ်ဖက်ကမ်းမှာ သက်ဆိုင်ရာဒေသအာဏာပိုင်တို့ရဲ့ ကြပ်မတ်ကွပ်ကဲမှုနဲ့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပါတယ်။ အဲဒီလို ရွှေ့ပြောင်းခဲ့ရာမှာ ဆုံးရှုံးသွားတဲ့ ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းများရဲ့ စာရင်းမှတ်တမ်းများကို နစ်နာကြေးငွေ ပေးအပ်ခဲ့ခြင်း၊ မြေယာဖော်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးတဲ့ မှတ်တမ်းအထောက်အထားများ မရှိကြောင်းကို တွေ့ရှိရပါတယ်။ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းကြောင့် ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းများရဲ့ ရေနစ်မြုပ်ပျက်စီးဆုံးရှုံးများအတွက် ရွှေကျင်မြို့နယ် ဝင်းခနိမ်စံပြကျေးရွာနေ ဦးချို့ဝင်း ဦးဆောင်တဲ့အဖွဲ့ကနေပြီးတော့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌ၊ သိမ်းဆည်းခံမြေစုံစမ်းရေးကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်၊ နေပြည်တော်သို့ တင်ပြတိုင်ကြားခဲ့ကြောင်း သိရှိရပါတယ်။ ဦးချို့ဝင်း ဦးဆောင်တဲ့အဖွဲ့မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ ရက်စွဲပါစာဖြင့် ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းများနှင့် ကျေးရွာနှစ်ရွာနှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းတို့ နစ်နာမှုအပေါ် လျော်ကြေး၊ နစ်နာကြေး ရရှိနိုင်ပါရန် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့လည်း ထပ်မံတိုင်ကြားခဲ့ကြောင်း သိရှိရပါတယ်။ တိုင်ကြားစာပါ စာရင်းဇယားများအရ အောက်မဲဇောင်းကျေးရွာမှာ အိမ်ထောင်စု ၅၉ စုနှင့် လူဦးရေ ၂၅၁ ဦး၊ ကျောက်နဂါးကျေးရွာမှာ အိမ်ထောင်စု ၆၀ စုနှင့် လူဦးရေ ၁၇၁ ဦး၊ ရေနစ်မြုပ်ခံ လယ်သမားနှင့် ရှောက်ခြံသမားဦးရေ ၃၇၈ ဦးနှင့် ဆုံးရှုံးဧက စုစုပေါင်း ၂၄၈၂ ဧက ဖြစ်ကြောင်း သိရှိရပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော၏ ကြယ်ပွင့်ပြမေးခွန်းအရ ဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ၆-၇-၂၀၁၆ မှ ၁၅-၇-၂၀၁၆ ရက်နေ့အထိ ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ(KNU)နှင့် ဦးဆောင်တိုင်ကြားသူ ဝင်းခနိမ်စံပြကျေးရွာ၊ ရွှေကျင်မြို့နယ်နေ ဦးချို့ဝင်းပါ ရှစ်ဦးတို့နှင့် ရွှေကျင်မြို့တွင် တွေ့ဆုံ၍

ဥယျာဉ်/ခြံ/မြေ/လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရတဲ့ အခြေအနေတွေကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးရေးအဖွဲ့က မူလတိုင်ကြားစာပါစာရင်းဇယားနှင့် KNU အဖွဲ့အစည်းရဲ့ စာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးခဲ့ရာတွင် အချက်အလက်များ ကွဲလွဲမှုရှိနေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ပြောင်းရွှေ့ခဲ့တဲ့ ကျေးရွာများအတွက် နစ်နာမှုကို ပြန်လည်ဖြည့်ဆည်းပေးဖို့ အခုအစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ တာဝန်ယူပါ့မယ်။ တာဝန်ယူပြီး ဒါကို သက်ဆိုင်ရာကို တင်ပြပြီးတော့ ကျွန်တော်တို့ ပြန်လည် ဖြည့်ဆည်းပေးပါ့မယ်။ ဒါပေမဲ့ နစ်နာမှုကို ပြန်လည်ဖြည့်ဆည်းပေးမယ်ဆိုပါက ကျွန်တော်တို့ ပေးလျော်ရမည့်နှုန်းထား၊ စာရင်းဇယားအချက်အလက်များအား အမှန်ကန်ဆုံး စိစစ်အတည်ပြုနိုင်ရေးအတွက် ဌာနဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနစသည့် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူရွာသားများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတို့ပါ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေနဲ့ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ အားလုံးပြီးစီးပြီး စက်ရုံလည်ပတ်နေသည်မှာ ငါးနှစ်ခန့် ရှိပြီဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနမှ လက်ရှိ ကျောက်နဂါးရွာနှင့် အောက်မဲဇောင်းကျေးရွာများရှိ ပြည်သူများ လျှပ်စစ်မီးရရှိရေး အတွက် 100 KV Transformer, 11 KV Line, 400 V Line များသွယ်တန်းပြီး လျှပ်စစ်မီးရရှိရေး ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ ကျောက်နဂါးကျေးရွာမှာ အိမ်သုံးမီတာ ၁၄ လုံးနှင့် အောက်မဲဇောင်းကျေးရွာမှာ ၂၀ လုံး တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ ဒါကြောင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရာမှာ ဥယျာဉ်/ခြံ/မြေ/ လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရတဲ့ ဒေသခံပြည်သူများရဲ့ နစ်နာချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် တိကျမှန်ကန်တဲ့ စာရင်းဇယားများရရှိရေးအတွက် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပါမယ်။ ဆောင်ရွက်ပြီးတော့ နိုင်ငံတော်ကို ဘက်ဂျက်တင်ပြတောင်းခံပြီးတော့ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)** ။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အစိုးရသစ်လက်ထက်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်သွားပေးမယ်လို့ကြားသိရတဲ့အတွက် အလွန်အင်မတန် ဝမ်းသာပါတယ်ခင်ဗျား။ ကျွန်တော်ဆက်စပ်မေးခွန်းသိချင်တာက အချိန်အတိုင်းအတာအရ မည်သည့်ကာလကမှစပြီး စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီးတော့ တကယ်လို့စာရင်းဇယားအတိအကျရခဲ့တယ်ဆိုလို့ရှိရင် ဘယ်လိုပုံစံမျိုးနဲ့ ကျွန်တော်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှာလဲ။ ဥပမာအားဖြင့် ငွေကြေးအားဖြင့်လား။ သို့တည်းမဟုတ် ကျွန်တော်တို့ ခြံမြေအစားထိုးပေးခြင်းအားဖြင့်လား ဒါကို ကျွန်တော် တိတိကျကျလေးသိချင်တဲ့အတွက် ဆက်စပ်မေးခွန်း မေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ပထမရရှိတဲ့စာရင်းဇယားအရ အိမ်ထောင်စုအရေအတွက်ဟာ ၁၁၉ ဦးဖြစ်ပါတယ်။ အဲဒီ ၁၁၉ ဦးရဲ့အဲဒီနေရာဒေသမှာ လုပ်ကိုင်နေတဲ့ ရေနစ်မြုပ်ခံလယ်သမားနှင့် ရှောက်ခြံသမား စုစုပေါင်း ၃၇၈ ဦးရှိပါတယ်။ ဆုံးရှုံးတဲ့မြေဧကဟာ ၂၄၈၂ ဧကဖြစ်ပါတယ်။ ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့လေ့လာရသလောက် တွေ့ရှိရတာကတော့ အဲဒီကျေးရွာမှာရှိတဲ့ ကျေးရွာမှာနေထိုင် ကြသူများ၊ နောက်လယ်ယာစိုက်ပျိုးတဲ့၊ ဥယျာဉ်စိုက်ပျိုးတဲ့လူတွေလည်းရှိသလို ကျွန်တော်တို့ အဲဒီ ပတ်ဝန်းကျင်အဝေးကနေလာပြီးတော့ အဲဒီမှာခြံမြေလုပ်တဲ့လူတွေလည်းရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နောက်ပိုင်းထပ်မံတင်ပြတဲ့ စာရင်းဇယားတွေအရကြည့်ရင်တော့ ဒီမှာလက်မှတ်ရေးထိုးထားတဲ့လူတွေဟာ ရွှေကျင်မြို့နယ်ကလူတွေများပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စိစစ်ပါမယ်။ စိစစ်ပြီးတော့သူတို့အပင်အရ ဆုံးရှုံးမှု၊ မြေယာအရ ဆုံးရှုံးမှုတွေကို ကျွန်တော်တို့ရဲ့စည်းမျဉ်း၊ စည်းကမ်းနှင့်အညီတွက်ချက်ပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာလည်း သာသနိကအဆောက်အအုံတွေလည်းပဲ ကျွန်တော်တို့ ပြန်လည်ဆောင်ရွက်ပေးဖို့ ရှိနေပါတယ်။ အဲဒီတော့ဆုံးရှုံးမြေ ပြန်လည်ဖော်ထုတ်ဖို့ဆိုတာ အခုရှိနေတဲ့ ကျေးရွာမှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားရဲ့ဆန္ဒသဘောထားများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေတဲ့အဖြေကို ရွှေကျင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ရှင်းပါသလားမသိဘူး။ မူလအသိမ်းခံရတဲ့ စာရင်းအင်းအပြင် ဒီလိုစုံစမ်းစစ်ဆေးပြီး စာရင်းလည်းကောက်ရော တခြားပုဂ္ဂိုလ်တွေပါ စာရင်းကပိုပါနေတယ်။ ပိုပါနေတဲ့အခါကျတော့ စာရင်းအတိအကျ

မူလအသိမ်းခံရတဲ့လူ၊ မူလနစ်နာတဲ့လူ အတိအကျစုံစမ်းစစ်ဆေးပေးဖို့လိုတယ်။ အဲဒီအပေါ်မှာမှ ဒီနစ်နာကြေးကို ဝန်ကြီးဌာနကဆောင်ရွက်ပေးလို့ရမယ်။ အဲဒီအခါကျတော့ ကိုယ်စားလှယ်တွေက လည်း မှန်မှန်ကန်ကန် တကယ်နစ်နာတဲ့လူဖြစ်ဖို့၊ မကျန်ဖို့၊ နောက်တစ်ခုက မနစ်နာဘဲနဲ့ အခုမှ ဒီလို ဝန်ကြီးဌာနက ဆောင်ရွက်ပေးမယ်ဆိုတဲ့အခါကျတော့ စာရင်းအင်းတွေ အပိုထည့်မလာဖို့၊ ကိုယ်စားလှယ်တွေကလည်း ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်။ ဒါကို ကိုယ့်ဘက်ကလည်း အဂတိကင်းကင်းနဲ့ မှန်မှန်ကန်ကန် စာရင်းအတိအကျဖြစ်အောင်၊ မူလနစ်နာတဲ့ သူတွေသာ ဒီနစ်နာကြေး၊ လျော်ကြေးရရှိအောင် ကိုယ်စားလှယ်ဘက်ကလည်း ပူးပေါင်းဆောင်ရွက် ပေးဖို့လိုတယ်။ အဲဒါလေးပါပဲ။

**မဏိပူရစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ဒေသခံများနှင့် နိုင်ငံတော်အတွက် ရေရှည်မှာ အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသဖြင့် ပြည်သူလူထုအတွင်း ပွင့်လင်းမြင် သာစွာချပြပြီး ဆောင်ရွက်ရန် ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကလေးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ကျွန်မရဲ့မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ကျွန်မတစ်ပုံချင်းကိုလိုက်ရှင်းပြမှာ မဟုတ်ပါဘူး။ ကျွန်မ စာသားပဲဖတ်သွားပါမယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ရန်မှာ ဆည်ရေသောက်လယ်ဧကများ တိုးတက်များပြားလာခြင်းနှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဟာ အထူးလိုအပ်လှပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်မှာ နိုင်ငံတော်အစိုးရကနေပြီး တော့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးနေရာမှာ ချင်းပြည်နယ်၊ မဏိပူရမြစ်ပေါ်ရှိ မဏိပူရ ဘက်စုံရေလှောင်တမံ စီမံကိန်းဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီစီမံကိန်းနှင့် ပတ်သက်ပြီး ပထမအကြိမ်လွှတ်တော်သို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ရှင်းလင်းရာမှာ စီမံကိန်းများ ခေတ္တရပ်နား ထားပါကြောင်း လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် China Habour Engineering Co.,Ltd တို့ ပူးပေါင်း၍ B.O.T စနစ်ဖြင့် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ သို့သော်

၂၀၁၀-၂၀၁၅ အစိုးရသက်တမ်းအတွင်း ပြီးစီးရန်မဖြစ်နိုင်သည့်အတွက် ကတိကဝတ်ဖြစ်ပေါ် နေသည့်စာရင်းမှ ပယ်ဖျက်ပေးရန် တင်ပြထားကြောင်းရှင်းလင်းခဲ့တာကို မှတ်တမ်းအရသိရပါတယ်။ ဒီစီမံကိန်းကို ၁၉၇၃ ခုနှစ်မှာ မြန်မာ့လျှပ်စစ်လုပ်ငန်းမှ ပဏာမစူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်မှာ စီမံကိန်းခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၃၁၀၀၀ ကျပ်ဖြင့် တွက်ချက် လျာထားခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ကျပ်သန်းပေါင်း ၁၇၅၀၈.၂၉၂ ချပေးခဲ့ပြီး ကျပ်သန်းပေါင်း ၁၄၇၄၀.၁၆၀ သုံးစွဲခဲ့တာကို စာရင်းဇယားများအရ သိရပါတယ်။ ဒီစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ ယနေ့အထိ ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စီမံကိန်းခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၂၉၇၀၀၀ တွက်ချက်ထားခဲ့ပြီး ဒီနှစ်မှာ ကျပ်သန်းပေါင်း ၈၀၀၀ အဆိုပြုတင်ပြတောင်းခံထား သော်လည်း ထောက်ခံခွင့်ပြုထားတာ မတွေ့ရသေးပါဘူး။ ဥက္ကဋ္ဌကြီးရှင့်။ မဏိပူရစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ရေလှောင်တမံအလျားဟာ ၂၄၄၄ ပေနဲ့ အမြင့် ၅၂၇ ပေရှိတာကြောင့် လုပ်ငန်းထုထည်ပမာဏကြီးမားတဲ့အတွက် ကလေးမြို့ဒေသခံ ပြည်သူများ စိုးရိမ်စိတ်ရှိကြပါတယ်။ အခြားတစ်ဖက်မှာလည်း စိုက်ဧက ၅၀၀၀၀ ကို တစ်နှစ်ပတ်လုံး ရေပေးဝေနိုင်မှာဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၃၈၀ မဂ္ဂါဝပ် တစ်နေ့တခြားရှားပါးလာနေတဲ့ ရေသယံဇာတများကို စနစ်တကျ ထိန်းချုပ်အသုံးပြုလာနိုင်မှာဖြစ်လို့ ချင်းပြည်နယ်နှင့် ကလေးမြို့နယ် ဒေသခံများနှင့် နိုင်ငံတော်အတွက် ရေရှည်မှာ အကျိုးကျေးဇူးများရရှိမှာဖြစ်ပါသဖြင့် ပြည်သူလူထု အတွင်း ပွင့်လင်းမြင်သာစွာ ချပြပြီးဆောင်ရွက်ရန် ရှိ/မရှိနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိပါက (၁) ပြည်တွင်းပညာရှင်၊ ပြည်တွင်းအရင်းအနှီးဖြင့် တည်ဆောက်အကောင်အထည်ဖော်ပါမည်လား၊ (၂) ပြည်ပအတတ်ပညာရှင်၊ ပြည်ပအရင်းအနှီးများဖိတ်ခေါ်တည်ဆောက်ပါမည်လားနှင့် (၃) ထွက်ရှိလာ မည့် လျှပ်စစ်ဓာတ်အားများကို မည်သို့စီမံခန့်ခွဲဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်ထောင်စုဝန်ကြီးအား မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ စစ်ကိုင်း တိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ)ဒေါ်ရှားမီးရဲ့ မဏိပူရစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက

ရေလှောင်တမံအလျား ၂၄၄၄ ပေနှင့် အမြင့် ၅၂၇ ပေ ရှိခြင်းကြောင့် လုပ်ငန်းထုထည်ပမာဏ ကြီးမားတဲ့အတွက် ဒေသခံပြည်သူများစိုးရိမ်စိတ်ရှိကြရာ အခြားတစ်ဖက်မှာလည်း စိုက်ဧက ၅၀၀၀၀ ကို တစ်နှစ်ပတ်လုံးရေပေးဝေနိုင်မှာဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၃၈၀ မဂ္ဂါဝပ်နှင့် တစ်နေ့တခြား ရှားပါးလာနေသော ရေသယံဇာတများကို စနစ်တကျထိန်းချုပ် အသုံးပြုလာနိုင်မှာဖြစ်ပါ၍ ဒေသခံများနှင့် နိုင်ငံတော်အတွက် ရေရှည်မှာ အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသဖြင့် ပြည်သူလူထုအတွင်း ပွင့်လင်းမြင်သာစွာချပြပြီး ဆောင်ရွက်ရန်ရှိ/မရှိအား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေဇင်ထွန်းက ဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မဏိပူရ်စီမံကိန်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ ကမ္ဘာနီတံတားအထက်ဘက် ၂.၅ မိုင်ခန့်အကွာ၊ ဆည်တော်ရွာအနီး မဏိပူရ်မြစ်ပေါ်မှာ တည်ရှိပါတယ်။ ရေလှောင်တမံအလျား ၂၄၄၄ ပေ၊ အမြင့် ၅၂၇ ပေ ရှိတဲ့ ကျောက်ဖြည့်တာတမံဖြစ်ပြီး ဧကပေ ၁၂၆၀၀၀၀ သိုလှောင်နိုင်မှာ ဖြစ်ပြီးတော့ လယ်မြေဧက ၅၀၀၀၀ ခန့် စိုက်ပျိုးရေပေးဝေရေးနှင့် လျှပ်စစ်ဓာတ်အား ၃၈၀ မဂ္ဂါဝပ်ထုတ်ယူရန်၊ မြစ်သာမြစ်ဝှမ်းနဲ့ ချင်းတွင်းမြစ်တစ်လျှောက် နှစ်စဉ်ရေလွှမ်းမိုးမှုမှ ကာကွယ်တားဆီးနိုင်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်ပါတယ်။ စီမံကိန်းတည်ဆောက်ဖို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၂-၉-၂၀၀၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)မှ ခွင့်ပြုချက်အရ တာတမံတည်ဆောက်မှုလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီးတော့ ရေအားလျှပ်စစ်တည်ဆောက်မှုလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မဏိပူရ်စီမံကိန်းရဲ့အကြိုတည်ဆောက်မှုလုပ်ငန်းများ၊ တာတမံတည်ဆောက်မှုလုပ်ငန်းများ၊ ရေလွှဲဥမင်လိုဏ်လုပ်ငန်းနဲ့ ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၇၅၀၈.၂၉၁ ကျခံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

**မူကြမ်း**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ရမယ့် လျှပ်စစ်ထုတ်ယူရေးလုပ်ငန်းများ ကို ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ရေယူဥမင်လိုဏ်အမှတ်(၁)နှင့် အမှတ်(၂)တို့ရဲ့ အဝင်ပိုင်း နဲ့ အထွက်ပိုင်း အပေါ်ယံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ရေထိန်းတံခါးပြွန်အမှတ်(၁)နှင့် အမှတ်(၂)မှာ အပေါ်ယံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်း အပေါ်ယံ မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းနဲ့ ကဗျည်းချောက်ကျေးရွာအနီး ကျောက်ထုတ် ဧရိယာပဏာမစူးစမ်းလေ့လာခြင်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ စီမံကိန်းကို JV/BOT စနစ်နဲ့ဆက်လက်ဆောင်ရွက်ရန် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်တဲ့ MEGA Resources Co.,Ltd၊ ကိုရီးယားသမ္မတနိုင်ငံ HANSHIN Engineering and Construction Co.,Ltd နဲ့ ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနတို့ဟာ မဏိပူရ်စီမံကိန်းလုပ်ငန်းတစ်ခုလုံးရဲ့ တာတမံ လုပ်ငန်းများ၊ ရေအားလျှပ်စစ်စက်ရုံများနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ အတွက် နားလည်မှုစာချွန်လွှာ(MOU)ကို၂၉-၈-၂၀၁၂ ရက်နေ့မှာ လက်မှတ်ရေးထိုးဆောင်ရွက် ခဲ့ပါတယ်။ ပြီးတော့ MOU အရ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ(FSR) တင်ပြခြင်း မရှိသေးတဲ့ကာလအတွင်း HANSHIN Engineering and Construction Co.,Ltd မှ စီမံကိန်း တည်ဆောက်ရမည့်အချိန်များ၊ အခြေအနေများအား အသေးစိတ်လေ့လာပြီးတဲ့နောက် ရင်းနှီးမြှုပ်နှံရန် အခက်အခဲရှိပါကြောင်းတင်ပြပြီး ပူးပေါင်းဆောင်ရွက်ရန် နောက်ဆုတ်ခဲ့ပြီးတော့ MOU ကိုပါ ပယ်ဖျက်ခဲ့ပါတယ်။ စီမံကိန်းကို JV/BOT စနစ်နဲ့ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်တဲ့ စိန်အင်တာပရိုက်၊ China Harbour Engineering Co.,Ltd နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က နားလည်မှုစာချွန်လွှာကို ၁၈-၉-၂၀၁၄ ရက်နေ့မှာ ထပ်မံ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါတယ်။ MOU အရ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ၂၄ လအတွင်း တင်ပြဖို့ဖြစ်ပြီး စိန်အင်တာပရိုက်နှင့် China Harbour Engineering Co.,Ltd တို့က စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ၁၈-၉-၂၀၁၅ ရက်နေ့မှာ တင်ပြလာခဲ့ပါ တယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ တင်ပြလာတဲ့စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို စိစစ်တဲ့အခါမှာ လိုအပ်ချက်များရှိနေတဲ့အတွက် ဖြည့်စွက်ဆောင်ရွက်ဖို့ သဘောထားမှတ်ချက်ပြုခဲ့ပြီး စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ပါတယ်။ ယခင် နိုင်ငံတော်သမ္မတရဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရေကြီးမှုဖြစ်စဉ်သို့ သွားရောက်ခဲ့တဲ့ခရီးစဉ်အတွင်း မဏိပူရ်စီမံကိန်းရဲ့တာတမံပိုင်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းပိုင်းကို လျှပ်စစ်ဝန်ကြီးဌာနမှ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသဖြင့် စိန်အင်တာပရိုက်ကုမ္ပဏီ၊ China Harbour Engineering Co.,Ltd၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြအတည်ပြုချက်ရယူပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာချပြဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**မြဝတီမြို့နယ်၊ ထီးချားရားဒေသတွင် ရေနံစမ်းသပ်ရှာဖွေတူးဖော်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ထီးချားရားဒေသမှာ အင်္ဂလိပ်ခေတ်ကတည်းက ရေနံစမ်းသပ်တူးဖော်ခဲ့တယ်ဆိုတာ သိရှိရပါတယ်။ ယခု အခါမှာ ၂၀၁၂ ခုနှစ် ကစလို့ ထီးချားရားဒေသမှာ ကုမ္ပဏီတစ်ခုဟာ ယခုထက်ထိ ရေနံစမ်းသတ်ရှာဖွေတူးဖော်နေပါတယ်။ ဒီရေနံတူးဖော်မှုကို အကြောင်းပြုပြီး မိမိတို့ရဲ့ လယ်ယာ၊ ခြံမြေများကို သိမ်းယူမှာကို ဒေသခံများက အလွန်စိုးရိမ်ကြောင့်ကြ ဖြစ်နေကြပါတယ်။ ဒါကြောင့် ထီးချားရားဒေသမှာရှိတဲ့ ကျေးရွာ ၁၇ ရွာက ပြည်သူလူထု ၄၀၀၀ ကျော်ကရေနံစမ်းသပ်တူးဖော်ရှာဖွေမှုကို လက်မှတ်ရေးထိုးကန့်ကွက်တဲ့အပြင် Vinyl ပိုစတာစိုက်ထူကန့်ကွက်မှုများလည်း ပြုလုပ်လာတာတွေ့ရပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါ။ ဒါကတော့ ဒေသခံများ Vinyl ပိုစတာစိုက်ထူလို့ကန့်ကွက်တဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ သူတို့ရဲ့ ကန့်ကွက်တဲ့စာများဖြစ်ပါတယ်။ ဒါကတော့ ရေနံစမ်းသပ်တူးဖော်နေတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒရှင်များနဲ့ ယင်းဒေသမှာနေထိုင်ကြတဲ့ပြည်သူများ စိတ်အေးချမ်းသာရှိကြဖို့ အောက်ပါမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ (က) ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ထီးချားရားဒေသတွင် ရေနံစမ်းသပ်ရှာဖွေ

တူးဖော်ခွင့်ကို မည်သည့်ကုမ္ပဏီအား ပေးထားပါသလဲ။ အချိန်ကာလ ဘယ်လောက်သတ်မှတ်ခွင့်ပြု ထားပါသလဲ။ (ခ) နှစ်ဦးနှစ်ဖက်သဘောတူညီချက်များကိုလည်း ဒေသခံပြည်သူများသိရှိစေရန် ဖော်ပြ ပေးပါရန်နှင့် (ဂ) ထီးချားရားဒေသ စီးပွားဖြစ်ရေနံထုတ်လုပ်နိုင်မှုအခြေအနေကို သမိုင်းဖြစ်စဉ် အကျဉ်းကို သိရှိနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်မှ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ထီးချားရားဒေသမှာ ရေနံစမ်းသပ်ရှာဖွေတူးဖော်ခွင့်ကို မည်သည့်ကုမ္ပဏီအား ပေးထားပါသလဲ၊ အချိန် ကာလဘယ်လောက် သတ်မှတ်ခွင့်ပြုထားပါသလဲ၊ နှစ်ဦးနှစ်ဖက်သဘောတူညီချက်များကိုလည်း ဒေသခံပြည်သူများ သိရှိစေရန် ဖော်ပြပေးပါရန်နှင့် ထီးချားရားဒေသ စီးပွားဖြစ်ရေနံထုတ်လုပ်နိုင်မှု အခြေအနေ သမိုင်းဖြစ်စဉ်အကျဉ်းသိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေဇင်ထွန်းက ဆက်လက်ရှင်းလင်း ဖြေကြား သွားမှာဖြစ်ပါတယ်။

မြဝတီမြို့နယ်၊ ထီးချားရားဒေသကို ကျွန်တော်တို့ MOGE အနေနဲ့တော့ (PSC-R) လို့သတ်မှတ် ထားပါတယ်။ (PSC-R)လုပ်ကွက်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဤဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် Synergy National Oil and Gas(SNOG Pte. Ltd) ကုမ္ပဏီတို့ဟာ ထုပ်လုပ်မှု အပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract - PSC) ကို ၁၈-၁- ၂၀၁၁ ရက်နေ့မှာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါတယ်။ အဆိုရှင်မေးမြန်းထားတဲ့ ယင်းဒေသအတွင်း စီးပွားဖြစ်ရေနံ ထုပ်လုပ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့(GIS)မှ ၁၉၂၁ ခုနှစ်တွင် ထီးချားရား ဒေသ၊ မဲ့ပလဲချိုင့်ဝှမ်း၌ ဘူမိဗေဒလေ့လာမှုများကို လည်းကောင်း၊ Moller ကုမ္ပဏီမှ ၁၉၂၂ ခုနှစ်မှ ၁၉၂၄ ခုနှစ်အထိ လွန်တွင်း ၃၆ တွင်း စမ်းသပ်တူးဖော်ခြင်းကိုလည်းကောင်း၊ Martin Davies ကုမ္ပဏီမှ ၁၉၂၆ ခုနှစ်တွင် စမ်းသပ်လုပ်ဆောင်မှုများ ပြုလုပ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါ။ ဒါ့အပြင် ဤဝန်ကြီးဌာန

လက်အောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကိုယ်တိုင်ပင် ၁၉၉၃ ခုနှစ်တွင် မြေပေါ် ဘူမိဗေဒကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ကွက်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုပ်လုပ်ခွင့်ရရှိသော SNOG Pte.Ltd မှ ၁၈-၄-၂၀၁၁ ရက်နေ့မှ စတင်စမ်းသပ်ရှာဖွေတူးဖော်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်အထိ ရှာဖွေရေးတွင်း ၂၄ တွင်း(စုစုပေါင်းအနက် ၂၆၀၈ မီတာ)ကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ရေနံကြွယ်ယှေလကျောက် (Oil Shale)ဖြစ်တည်မှုကို မြေအောက်တွင် သိရှိနိုင်ရန်အတွက် Electromagnetic Sounding အနက် ၁၇၀၀ မီတာထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်မှာ Electromagnetic Sounding ရယူခဲ့သည့်နေရာမှာ ရှာဖွေရေးတွင်း ၁၁ တွင်း(စုစုပေါင်းအနက် ၃၁၂၅.၀၅ မီတာ)ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါတယ်။

ဒ့ါအပြင် နိုင်ငံတော်မှချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွား ကဏ္ဍဆိုင်ရာမူဝါဒများအရ ဉာဏ်ကြီးဌာနမှ လက်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုး တူပူးပေါင်းဆောင်ရွက်လျက်ရှိသော SNOG Ptd.Ltd အပါအဝင် အခြားကုမ္ပဏီများကို အကြောင်းကြား ခဲ့ပါသဖြင့် EIA/SIA site survey လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးတော့ သက်ဆိုင်ရာဌာနများသို့ အစီရင် ခံစာတင်ပြနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်တွင် ယခင် တူးဖော်သော နေရာများအတွက် စုစုပေါင်းတွင်း ၂၀ ကိုတူးဖော်ပြီး၊ Wire Line Logging ရယူခြင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လက်ရှိစမ်းသပ်မှုအရ Average oil shale content (4.58%), Low density/Low viscosity, High proportion of light oil, High heat value ဖြစ်ကြောင်း တွေ့ရှိရပြီး ထီးချားရားဒေသတွင် ရေနံထုပ်လုပ်မှုမရှိသေးဘဲ စမ်းသပ်တူးဖော်သည့်အဆင့်သာ လုပ်ဆောင်လျက် ရှိပါတယ်။

အဲဒီဒေသမှာရှိတဲ့ ရှာဖွေခြင်းဟာ မြန်မာနိုင်ငံအလယ်ပိုင်းမှာရှာသလို တွင်းတူးဖော်ပြီး ဓာတ်ငွေ့ နှင့်ရေနံစိမ်း ရှာလို့ရတဲ့ နည်းစဉ်မဟုတ်ပါဘူး။ သူ့ရဲ့ ဖြစ်တည်မှုဟာ Oil Shale လို့ခေါ်တဲ့ ယှေလကျောက်ကိုတူးဖော်ပြီးတော့ အဲဒီမှာပါဝင်နေတဲ့ ရေနံစိမ်းကိုကျွန်တော်တို့က နည်းစဉ်များဖြင့် Process နဲ့ Chemical Process နဲ့ ထုတ်လုပ်ရတဲ့ နည်းစဉ်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ အင်မတန်မှ Popular ဖြစ်တဲ့ နည်းစဉ်ဖြစ်ပါတယ်။ အဲဒီတော့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ သွားလာမှုခက်ခဲခြင်း၊ ပွင့်လင်းရာသီတို့မှာ

လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းတို့ ယေ့လကျောက်(Oil Shale) မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်တူးဖော်ခြင်းလုပ်ငန်းမှာ လက်ရှိဆောင်ရွက်နေတဲ့ မြေအောက်ဘူမိအနေအထားအရ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်တဲ့ နေရာကို စမ်းသပ်ရှာဖွေနည်းလမ်းမဟုတ်ပါဘူး။ ယေ့လကျောက်(Oil Shale)အတွင်း ခိုအောင်းနေတဲ့ ရေနံကို ရှာဖွေခြင်းဖြစ်တဲ့အတွက် နည်းပညာမြင့်မားရန်လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပိုမိုများပြားခြင်း၊ လုပ်ငန်းသဘောသဘာဝအရ ရှာဖွေစမ်းသပ်မှုကာလ ကြာမြင့်နိုင်ခြင်းတို့ကြောင့် ရှာဖွေရေးသက်တမ်း (Exploration Period)ကို ငါးနှစ်သက်တမ်းထပ်မံတိုးပေးခဲ့ရာ အဆိုပါကုမ္ပဏီအနေဖြင့် စမ်းသပ် ရှာဖွေတူးဖော်မှုလုပ်ငန်းများ ၂၀၁၉ ခုနှစ်အထိ လုပ်ငန်းဆက်လက်ဆောင်ရွက်မည် ဖြစ်ပါတယ်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် သက်ဆိုင်ရာကုမ္ပဏီတို့ သဘောတူချုပ်ဆိုထားတဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ အချက်အလက်များကို ပြည်သူများသိရှိနိုင်စေရန် အခါ အားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိသော်လည်း အချို့သောအချက်အလက်များဟာ PSC စာချုပ်ပါ စာပိုဒ် ၂၇.၅ (Secrecy) အရ စာချုပ်သက်ဝင်နေသောကာလအတွင်း ထုတ်ပြန်ပေးနိုင်ခြင်းမရှိပါ။ SNOG Pte.Ltd ကုမ္ပဏီအနေဖြင့် ၎င်းတို့လုပ်ငန်းဆောင်ရွက်ရာဒေသရှိ ပြည်သူများ၏ လူမှုစီးပွား ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကျောက်စက်ကျေးရွာ၊ ရွှေကုက္ကိုမြို့၊ အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်ပေးခြင်း၊ ချစ်လင်းဝင်းတံတားနှင့် ချစ်ဥယာဉ်တံတား ဆောက်လုပ်ပေးခြင်း၊ ထီးချားရားကျေးရွာဆေးခန်းပြုပြင်ပေးခြင်း၊ ရွှေကုက္ကိုသွား သည့်လမ်းမကြီးအား ပြုပြင်ပေးခြင်းနှင့် စက်ရေတွင်းများတူးဖော်ပေးခြင်းအစရှိတဲ့ လုပ်ငန်းများအား စုစုပေါင်းငွေကျပ်တန်ဖိုး ၁၄၄၈၀၀၀၀၀(တစ်ရာ့လေးဆယ့်လေးသန်းရှစ်သိန်းတိတိ)ခန့် ကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ယခုနှစ်အတွင်းတွင် အဆိုပါဒေသပတ်ဝန်းကျင်ရှိ စာသင် ကျောင်းများ ပြုပြင်ပေးခြင်းနှင့် စက်ရေတွင်းတူးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေး သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

**ပခုက္ကူမြို့နယ်၊ နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား လျှပ်စစ်ပို့အား ပြည့်မီအောင် ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိ၊ ပြည့်မီအောင်မပေးနိုင်ပါက အဘယ့်ကြောင့်ဆိုသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာကတော့ နံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းအကြောင်း ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ ဧရာဝတီမြစ်မကြီးကနေပြီးတော့ ရေခေါ် မြောင်းများ တည်ဆောက်ခြင်းဖြစ်ပါတယ်။ ရေခေါ်မြောင်းများတည်ဆောက်ပြီးတော့ ရေပေးမြောင်း များ ရေတင်နိုင်ရန်အဆင့်ဆင့်နှင့် စမ်းသပ်ရေပေးခြင်းအဆင့်ထိကို ယနေ့ ၉၀ ရာခိုင်နှုန်းအထိ ရရှိ ပြီးဖြစ်ပါတယ်။ ဒီနံးပို့စီမံကိန်းကို ၂၅-၅-၂၀၀၄ ခုနှစ်ကပင် စတင်ပြီးတော့ တည်ဆောက်ခဲ့တာ ဖြစ်ပါ တယ်။ တည်ဆောက်ချိန်ကာလဟာ ၁၂ နှစ်ကြာမြင့်ခဲ့ပါပြီ။ ကျွန်တော်တို့ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ငွေလုံးငွေရင်းနှင့် ၅၄၆.၅၃၄ သန်း အသုံးပြုပြီးဖြစ်ပါတယ်။ စိုက်ပျိုးရန် ပင်မမြောင်းအရှည် ၅.၃၇၉ မိုင်လည်း တည်ဆောက်ပြီးဖြစ်ပါတယ်။ မြစ်ရေတင်နိုင်ရန်အတွက် လိုအပ် သောဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း ၁၅.၂၉ မိုင်ရှိသော ဓာတ်အားလိုင်းများသွယ်တန်းပြီးဖြစ်ပါ တယ်။ စိုက်ပျိုးရေပေးဝေနိုင်မယ်ဆိုရင် အောက်ပါကျေးရွာတွေဖြစ်တဲ့ ညောင်ပင်ကျေးရွာ၊ သရက် တောကျေးရွာ၊ ဘဲကြီးကျေးရွာ၊ မန်ကျည်းကန်ကျေးရွာနှင့် ရှင်မကန်ကျေးရွာရှိ ယာမြေဧက ၈၀၀၀ ကို အကျိုးပြုမှာဖြစ်ပါတယ်။ ၂၄-၆-၂၀၁၆ ရက်နေ့က ရေပေးမြောင်းတစ်လျှောက်မှာရှိတဲ့ ဒေသခံ တောင်သူတွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်နှင့်အတူ ခရိုင်အုပ်ချုပ်ရေး၊ ခရိုင်ရေ အရင်းအမြစ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံတဲ့ပွဲမှာ ဒီနံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အောင်မြင် မယ်လို့ ဒေသခံတွေက မျှော်လင့်ပြီးတော့ မိမိတို့ရဲ့ဘဝတွေကတော့ ပြောင်းလဲမယ်ဆိုပြီးတော့ ဝမ်းသာ နေကြပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်နေပြည်သူများရဲ့ မျှော်လင့်ချက်အဖြစ် နိုင်ငံတော်ကနေပြီး တော့ ငွေကြေးအကုန်အကျခံထားတဲ့ ဒီနံးပို့စီမံကိန်းမှာ ကျပ်သန်းပေါင်း ၅၀၅၄.၆၈ နှင့် အမေရိကန် ဒေါ်လာ ၀.၉၇၅၈ သန်းအကုန်အကျခံပြီးတော့ ၁၀ နှစ်ကျော်တည်ဆောက်ခဲ့တဲ့ နံးပို့လျှပ်စစ်မြစ်ရေ တင်စီမံကိန်းကို လျှပ်စစ်ဓာတ်အားပြည့်မီအောင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုရဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား ရန်ပုံငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ခဲ့သော်လည်း သတ်မှတ်ဧရိယာဧက ပြည့်မီအောင် ရေပေးဝေနိုင်ခြင်းမရှိခြင်းသည် လျှပ်စစ်ဗို့အား ပြည့်မီစွာပေးနိုင်ခြင်းမရှိခြင်းကြောင့်ဆိုသည်မှာ ထင်ရှားစွာပေါ်ပေါက်လာပါသဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီ၊ သီးနှံရာသီအမီ လျှပ်စစ်ဓာတ်အားပြည့်မီစွာ ပေးနိုင်လျှင် သီးနှံများ အောင်မြင်မည်ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ပြည့်မီအောင် မပေးနိုင်ပါဟုဆိုလျှင် အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် ၆၆ ကေဗွီ နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ ၁၃၂ ကေဗွီ ဗုဒ္ဓကုန်း ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၅.၂၈ မိုင်အကွာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်ထားပြီး Main Transformer ရဲ့ တပ်ဆင်အင်အားမှာ ၇.၅ MVA ရှိပါတယ်။ အဲဒီ Main Transformer မှ Distribution Transformer လေးလုံးတပ်ဆင်ပြီး မြစ်ရေတင်လုပ်ငန်းများအတွက် ရေတင်ပန့်များအား ဆက်သွယ်အသုံးပြုဖို့ တည်ဆောက်တပ်ဆင်ထားတွေ့ရပါတယ်။ ဖော်ပြထားတဲ့ ၆၆ ကေဗွီ နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ၁၃၂ ကေဗွီ ဗုဒ္ဓကုန်း ပင်မဓာတ်အားခွဲရုံမှ ၁၂-၁၁-၂၀၁၅ ရက်နေ့မှစတင်ပြီး ဓာတ်အားပို့လွှတ်ပေးခဲ့ပြီး ၃၀-၅-၂၀၁၆ ရက်နေ့နှင့် ၃-၆-၂၀၁၆ ရက်နေ့တို့မှာ အောင်မြင်စွာစမ်းသပ်မောင်းနှင်နိုင်ခဲ့ပါတယ်။ အဲဒီလို စမ်းသပ်ရာမှာ နံ့ပို့လျှပ်စစ် မြစ်ရေတင် စီမံကိန်းရဲ့ ၆၆ ကေဗွီဓာတ်အားလိုင်းမှာ ၆၃.၄ ကီလိုဗို့ရှိခဲ့ပြီး နေ့စဉ် ဗို့အားအခြေအနေ များအရ ဗို့အားအနည်းဆုံးအချိန်တွင် ၆၂.၃၃ ကီလိုဗို့ရှိပြီး ဗို့အားအများဆုံးအချိန်မှာ ၆၇.၂၁ ကီလိုဗို့ ရှိကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့် နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ ၃၁-၅-၂၀၁၆ ရက်နေ့မှစ၍ စတင်စမ်းသပ် မောင်းနှင်လျက်ရှိပါကြောင်း၊ သုံးစွဲမယ့်ရေမော်တာများအတွက် ထရန်စဖော်မာအင်အား လုံလောက်

စွာ တပ်ဆင်ထားတာကို တွေ့ရပါကြောင်း၊ သုံးစွဲမည့်ဗို့အားအနေဖြင့်လည်း လက်ရှိမှာ ကောင်းမွန်စွာ အသုံးပြုနိုင်တဲ့ သတ်မှတ်ချက်အတွင်း ရှိနေပါကြောင်း၊ နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းအင်အားပြည့် လည်ပတ်မောင်းနှင်ချိန်မှာ လိုအပ်ချက်များ ပေါ်ပေါက်လာပါကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ (၈-၆-၂၀၁၆)ရက်နေ့မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိ ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၀-၆-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ရန်ကုန် မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရန်ကုန် မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြု

ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ၈-၆-၂၀၁၆ ရက်နေ့မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၀-၆-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**